# ကနေဒါနိုင်ငံဆိုင်ရာအချက်အလက်များ

## တည်နေရာနှင့်အကျယ်အဝန်း

၁။ ကနေဒါနိုင်ငံသည် မြောက်အမေရိကတိုက် မြောက်ဖက်ပိုင်းရှိ ပြည်နယ် ၁၀ ခုနှင့် နယ်မြေ ၃ ခု ပါဝင်သော နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ အတ္တလန္တိတ် သမုဒ္ဒရာ နှင့် ပစိဖိတ် သမုဒ္ဒရာတို့မှတဆင့် မြောက်ဖက် အာတိတ်သမုဒ္ဒရာ အထိ ကျယ်ဝန်းပြီး စတုရန်းမိုင်ပေါင်း ၃.၈၅ သန်း (စတုရန်းကီလိုမီတာ ၉.၉၈ သန်း) မျှ ကျယ်ဝန်းသည်။ စုစုပေါင်းဧရိယာအားဖြင့် ဒုတိယမြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး ကုန်းမြေဧရိယာအားဖြင့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက်အကြီးဆုံးနိုင်ငံ ဖြစ်သည်။ ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ နယ်စပ်မှာ ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသောကုန်းမြေနယ်နိမိတ်မျဉ်း ဖြစ်သည်။



## နောက်ခံသမိုင်းကြောင်း

၂။ ယခု ကနေဒါဟု ခေါ်တွင်သော နေရာမှာ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် ရှေးဦးလူမျိုးများ အခြေချ နေထိုင်ခဲ့ကြသည်။ ၁၅ ရာစု နှောင်းပိုင်းတွင် ဗြိတိသျှနှင့် ပြင်သစ်တို့က ထိုဒေသရှိ အတ္တလန္တိတ်ကမ်းရိုးတန်းတွင် ကိုလိုနီနယ်မြေများ တည်ထောင်ခဲ့ကြသည်။ ပဋိပက္ခအမြောက်အများဖြစ်ပွားပြီးနောက် ယူနိုက်တက်ကင်းဒမ်းမှ မြောက်အမေရိကနယ်မြေများကို ရရှိခြင်း ဆုံးရှုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး ၁၈ ရာစု နှောင်းပိုင်းတွင် ယနေ့ ကနေဒါ နိုင်ငံ နေရာသာ ပိုင်ဆိုင်ခဲ့တော့သည်။ ၁၈၆၇ ဇူလိုင်လ ၁ ရက်တွင် ဗြိတိသျှမြောက်အမေရိကဥပဒေအရ ကိုလိုနီနယ်မြေသုံးခု ပေါင်းစပ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကနေဒါဖက်ဒရယ်ဒိုမီနီယံကို တည်ထောင်ခဲ့ကြသည်။ ထိုမှစ၍ ပြည်နယ်များ၊ နယ်မြေများဖြင့် ကိုယ်ပိုင်အုပ်ချုပ်သည့် ဒိုမီနီယံအဖြစ် ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဝက်မင်စတာစတက်ကျူ ဥပဒေ ၁၉၃၁ ဖြင့် ဗြိတိသျှတို့က ကနေဒါနိုင်ငံအား လုံးဝနီးပါးလွတ်လပ်ရေးပေးခဲ့ပြီး ၁၉၈၂ ခုနှစ် ကနေဒါဥပဒေအရ ဗြိတိသျှပါလီမန် အပေါ်တွင် ဥပဒေရေးရာ မှီခိုမှု အကြွင်းအကျန် အားလုံးကို ဖြတ်တောက်ပြီး အပြည့်အဝ အချုပ်အခြာအာဏာပိုင် နိုင်ငံ ဖြစ်လာခဲ့သည်။

၃။ ကနေဒါနိုင်ငံသည် ဖက်ဒရယ် ပါလီမန် ဒီမိုကရေစီစနစ်နှင့် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခု ကနေဒါဟု ခေါ်တွင်သောနေရာမှာ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် ရှေးဦးလူမျိုးများ အခြေချနေထိုင်ခဲ့ကြသည်။ ၁၅ ရာစု နှောင်းပိုင်းတွင် ဗြိတိသျှနှင့် ပြင်သစ်တို့က ထိုဒေသရှိ အတ္တလန္တိတ် ကမ်းရိုးတန်းတွင် ကိုလိုနီနယ်မြေများ တည်ထောင်ခဲ့ကြသည်။ ပဋိပက္ခ အမြောက်အများ ဖြစ်ပွားပြီးနောက် ယူနိုက်တက်ကင်းဒမ်းမှ မြောက်အမေရိကနယ်မြေများကို ရရှိခြင်း ဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ၁၈ ရာစု နှောင်းပိုင်းတွင် ယနေ့ ကနေဒါနိုင်ငံနေရာသာ ပိုင်ဆိုင်ခဲ့တော့သည်။ ၁၈၆၇ ဇူလိုင်လ ၁ ရက်တွင် ဗြိတိသျှမြောက်အမေရိကဥပဒေအရ ကိုလိုနီနယ်မြေ သုံးခု ပေါင်းစပ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကနေဒါဖက်ဒရယ်ဒိုမီနီယံကို တည်ထောင်ခဲ့ကြသည်။။ ထိုမှစ၍ ပြည်နယ် များ နယ်မြေများဖြင့် ကိုယ်ပိုင်အုပ်ချုပ်သည့် ဒိုမီနီယံအဖြစ် ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဝက်မင်စတာစတက်ကျူ ဥပဒေ ၁၉၃၁ ဖြင့် ဗြိတိသျှတို့က ကနေဒါနိုင်ငံအား လုံးဝနီးပါး လွတ်လပ်ရေး ပေးခဲ့ပြီး ၁၉၈၂ ခုနှစ် ကနေဒါဥပဒေအရ ဗြိတိသျှပါလီမန်အပေါ်တွင် ဥပဒေရေးရာ မှီခိုမှု

အကြွင်းအကျန် အားလုံးကို ဖြတ်တောက်ပြီး အပြည့်အဝ အချုပ်အခြာအာဏာပိုင် နိုင်ငံ ဖြစ်လာခဲ့သည်။

၄။ ကနေဒါနိုင်ငံသည် ဖက်ဒရယ် ပါလီမန် ဒီမိုကရေစီစနစ်နှင့် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဒုတိယမြောက် အဲလိဇဘက်ဘုရင်မသည် လက်ရှိ နိုင်ငံ၏အကြီးအကဲ ဖြစ်သည်။ ကနေဒါနိုင်ငံသည် ဖက်ဒရယ်အဆင့်တွင် ရုံးသုံးဘာသာစကား ၂ မျိုး အသုံးပြုသောနိုင်ငံ ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူမျိုးပေါင်း အစုံဆုံး နှင့် ယဉ်ကျေးမှုစနစ် အစုံဆုံးရှိသော နိုင်ငံများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အကြောင်းမှာ နိုင်ငံပေါင်း များစွာမှ လူအများအပြား ပြောင်းရွှေ့နေထိုင်လာခြင်းကြောင့် ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ခန့်မှန်းခြေ လူဦးရေ ၃၅ သန်းခန့် ရှိသည်။ နိုင်ငံ၏ တိုးတက်သော စီးပွားရေးစနစ်မှာ ကမ္ဘာပေါ်တွင် ၁၁ ခုမြောက် အကြီးဆုံးဖြစ်ပြီး အလျှံပယ်ရှိနေသော သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံတကာ ကုန်သွယ်ရေး ကွန်ယက်များပေါ်တွင် အဓိကရပ်တည်နေခြင်း ဖြစ်သည်။ ကနေဒါနိုင်ငံ၏ ကာလကြာရှည်ပြီး ရှုပ်ထွေးသော အမေရိကန် ပြည်ထောင်စုနှင့် ဆက်ဆံရေးသည် စီးပွားရေးနှင့် ယဉ်ကျေးမှုအပေါ်တွင် သိသာစွာ သက်ရောက်မှု ရှိသည်။ ကနေဒါနိုင်ငံ သည် ဖက်ဒရယ်အဆင့်တွင် ရုံးသုံးဘာသာစကား ၂ မျိုး အသုံးပြုသော နိုင်ငံ ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူမျိုးပေါင်းအစုံဆုံး နှင့် ယဉ်ကျေးမှုစနစ် အစုံဆုံးရှိသော နိုင်ငံများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အကြောင်းမှာ နိုင်ငံပေါင်းများစွာမှ လူအများအပြား ပြောင်းရွှေ့နေထိုင်လာခြင်းကြောင့် ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ခန့်မှန်းခြေ လူဦးရေ ၃၅ သန်းခန့် ရှိသည်။ နိုင်ငံ၏ တိုးတက်သော စီးပွားရေးစနစ်မှာ ကမ္ဘာပေါ်တွင် ၁၁ ခုမြောက် အကြီးဆုံးဖြစ်ပြီး အလျှံပယ်ရှိနေသော သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက် ပြီးသော နိုင်ငံတကာကုန်သွယ်ရေးကွန်ယက်များပေါ်တွင် အဓိကရပ်တည်နေခြင်း ဖြစ်သည်။ ကနေဒါနိုင်ငံ၏ ကာလကြာရှည်ပြီး ရှုပ်ထွေးသော အမေရိကန ပြည်ထောင်စု နှင့် ဆက်ဆံရေးသည် စီးပွားရေးနှင့်ယဉ်ကျေးမှုအပေါ်တွင် သိသာစွာ သက်ရောက်မှု ရှိသည်။

## ပထဝီဆိုင်ရာအချက်အလက်များ

၅။ နေဒါနိုင်ငံသည် မြောက်အမေရိကတိုက်ကြီး၏ အစိတ်အပိုင်း အတော်များများကို နေရာယူထားပြီး တောင်ဘက်တွင် တစ်ဆက်တည်းဖြစ်နေသော အမေရိကန် ပြည်ထောင်စုနှင့် ကုန်းမြေနယ်စပ် ရှိကာ ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသော နိုင်ငံ နှစ်နိုင်ငံကြား ကုန်းမြေနယ်နိမိတ် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အလက်စကာ ပြည်နယ်သည် အနောက်မြောက်ဘက်တွင် တည်ရှိသည်။ ကနေဒါနိုင်ငံသည် အရှေ့ဘက်ရှိ အတ္တလန္တိတ် သမုဒ္ဒရာမှ အနောက်ဘက် ပစိဖိတ်သမုဒ္ဒရာအထိ ဆန့်တန်း တည်ရှိနေကာ မြောက်ဘက်တွင် အတ္တလန္တိတ် သမုဒ္ဒရာ ရှိသည်။ အရှေ့မြောက်ဘက်တွင် ဂရင်းလန်ကျွန်း တည်ရှိသည်။ ရေထု အပါအဝင် စုစုပေါင်း ဧရိယာအားဖြင့် ကြည့်မည် ဆိုပါက ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် ရုရှားနိုင်ငံပြီးလျှင် ဒုတိယမြောက်အကြီးဆုံး နိုင်ငံ ဖြစ်သည်။ သို့သော်လည်း ကုန်းမြေဧရိယာအနေဖြင့် ကြည့်မည်ဆိုပါက ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက်အကြီးဆုံးနိုင်ငံ ဖြစ်သည်။ ထိုသို့ ကွာခြားမှုရှိရခြင်းမှာ ကနေဒါနိုင်ငံတွင် ရေကန်အမြောက်အများရှိပြီး ကမ္ဘာပေါ်ရှိ ရေကန်အားလုံး၏ ၆၀ ရာခိုင်နှုန်း ဖြစ်သည်။ ကနေဒါနိုင်ငံသည် မြောက်လတ္တီကျု ၄၁ ဒီဂရီ မှ ၈၄ ဒီဂရီကြား၊ အနောက် လောင်ဂျီကျု ၅၂ ဒီဂရီမှ ၁၄၁ ဒီဂရီ ကြားတွင် တည်ရှိသည်။

၆။ တိုင်ဂါသစ်တောများကို ကနေဒီယန်ရှီးလ်ပေါ်တွင် အနှံ့အပြားတွေ့ရသည်။ ရေခဲနှင့် တန်ဒြာများမှာ အာတိတ်ဘက်တွင် ထင်ရှားစွာ တွေ့ရသည်။ ရေခဲမြစ်များကို ကနေဒီယန် ရော့ကီးတောင်တန်း နှင့် ကမ်းရိုးတန်း တောင်ကုနန်းများတွင် တွေ့ရသည်။ ပြန့်ပြူးပြီး မြေဩဇာ ကောင်းမွန်သော ပရေရီမြက်ခင်းပြင်များက စိုက်ပျိုးမွေးမြူရေး အတွက် အထောက်အကူ ဖြစ်စေသည်။ အရှေ့တောင်ဘက်တွင် ဂရိတ်လိတ်များမှ တဆင့် စိန့်လောရင့်မြစ် မြစ်ဖျားခံ စီးဆင်းလာပြီး မြေနိမ့်ပိုင်းတွင် ကနေဒါလူဦးရေ အများစု နေထိုင်ကြသည်။

၇။ ၁၉၂၅မှစ၍ ကနေဒါသည် အာတိတ်ဒေသ၏ အနောက် လတ္တီကျု ၆၀ ဒီဂရီ နှင့် အနောက် လောင်ဂျီကျု ၁၄၁ ဒီဂရီကြားကို ပိုင်ဆိုင်သည်ဟု ကြေငြာခဲ့သော်လည်း ထိုကြေငြာချက်ကို နိုင်ငံတကာက အသိအမှတ်မပြုပေ။ ကနေဒါသည် ကမ္ဘာ၏ မြောက်ဖျားစွန်းတွင် နေထိုင်သူများရှိရာနေရာဖြစ်ပြီး အယ်လ်စမီးယားကျွန်း၏ မြောက်ဖျားပိုင်း မြောက်လတ္တီကျု ၈၂.၅ ဒီဂရီ မြောက်ဝင်ရိုးစွန်းမှ ၅၀၈မိုင် (၈၁၇

ကီလိုမီတာ) အကွာအဝေးတွင် ကနေဒါစစ်တပ်၏ တပ်စခန်း တည်ရှိသည်။ ကနေဒါ၏ အာတိတ်ဒေသ နေရာ အများစုကို ရေခဲများ နှင့် အစဉ်အေးခဲနေသော နက်ရှိုင်းမြေလွှာများဖြင့် ဖုံးလွှမ်းလျှက် ရှိသည်။ ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသော ကမ်းရိုးတန်းရှိရာနိုင်ငံဖြစ်ပြီး စုစုပေါင်း အရှည် ၁၂၅,၅၇၀ မိုင် (၂၀၂,၀၈၀ ကီလိုမီတာ) မျှ ရှည်လျားသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုနှင့် နယ်နိမိတ်မှာလည်း ကမ္ဘာ့အရှည်လျားဆုံးဖြစ်ပြီး ၅,၅၂၅မိုင်(၈,၈၉၁ ကီလိုမီတာ) မျှ ရှည်လျားသည်။

## အစိုးရနှင့်နိုင်ငံရေး

၈။ ကနေဒါနိုင်ငံတွင် စည်းမျဉ်းခံဘုရင်စနစ်နှင့် ဆက်စပ်နေသော ပါလီမန်စနစ် ကျင့်သုံးသည်။ ကနေဒါ၏ ဘုရင်စနစ်မှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး နှင့် ဥပဒေပြုရေး ကဏ္ဍများ၏ အခြေခံဖြစ်သည်။ နိုင်ငံ၏ဦးသျှောင်မှာ ဒုတိယမြောက် အဲလိဇဘက် ဘုရင်ဖြစ်၍ သူမသည် အခြားသော ဓနသဟာယနိုင်ငံ ၁၅ နိုင်ငံနှင့် ကနေဒါ ပြည်နယ် ၁၀ခု ၏ အကြီးအကဲလည်း ဖြစ်သည်။ ထို့အတွက်ကြောင့် ဘုရင်မ၏ ကိုယ်စားလှယ်ဖြစ်သော ကနေဒါဘုရင်ခံချုပ် (လက်ရှိတွင် ဒေးဗစ် လွိုက် ဂျွန်စတန်)က ဖက်ဒရယ်ဆိုင်ရာ တော်ဝင်ဝတ္တရားများကို ဆောင်ရွက်သည်။

၉။ ဘုရင်မနှင့် ဘုရင်ခံချုပ်တို့၏ အုပ်ချုပ်ရေးပိုင်းတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမှာ အလွန်နည်းပါးသည်။ တကယ်တမ်းတွင် အုပ်ချုပ်ရေး အာဏာကို အောက်လွှတ်တော် မှတာဝန်ခံရပြီး အစိုးရအဖွဲ့၏ အကြီးဆုံးဖြစ်သော ကနေဒါဝန်ကြီးချုပ်မှ ရွေးချယ်ဦးဆောင်သော အစိုးရ သို့မဟုတ် ဘုရင်မ၏ ဝန်ကြီးများမှ ညွှန်ကြားကွပ်ကဲသည်။ လက်ရှိ ကနေဒါနိုင်ငံ၏ဝန်ကြီးချုပ်မှာ စတီဖင်ဟာပါး ဖြစ်သည်။ အချို့သော အရေးပေါ်အခြေအနေများတွင် ဘုရင်ခံချုပ် သို့မဟုတ် ဘုရင်မသည် ဝန်ကြီးအဖွဲ့၏ အကြံပေးမှုမပါဘဲ ၎င်းတို့၏ အာဏာကို အသုံးချခွင့် ရှိသည်။ အစိုးရအဖွဲ့တွင် တည်ငြိမ်မှုရှိစေရန်အတွက် အောက်လွှတ်တော်တွင် အများ၏ယုံကြည်ကိုးစားမှုကိုရပြီး လက်ရှိနိုင်ငံရေးပါတီ၏ ခေါင်းဆောင်ဖြစ်သူကို ဘုရင်ခံချုပ်က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လေ့ရှိသည်။ သို့ဖြစ်၍ ဝန်ကြီးချုပ်ရုံးမှာ အစိုးရအဖွဲ့အတွင်း အာဏာအရှိဆုံးအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ဥပဒေအများစုကို ပါလီမန်၏ထောက်ခံမှုရယူရန် စတင်အဆိုပြုလေ့ရှိပြီး ဘုရင်ခံချုပ်များ၊ ပြည်နယ်ဘုရင်ခံများ၊ ဆီးနိတ်အမတ်များ၊ ဖက်ဒရယ် တရားရုံး၏ တရားသူကြီး

များ၊ ဘုရင်မပိုင် စီးပွားရေးကော်ပိုရေးရှင်း၏ အကြီးအကဲများ၊ အစိုးရအေဂျင်စီများကို ဘုရင်မမှ ခန့်ထားနိုင်ရန်အတွက် ရွေးချယ်ပေးရသည်။ ဒုတိယမြောက် အမတ်အများဆုံး ပါတီ၏ ခေါင်းဆောင်မှာ ဘုရင်မ၏သစ္စာခံအတိုက်အခံ၏ ခေါင်းဆောင် (လက်ရှိတွင် သောမတ်စ် မူလ်ကဲယား)ဖြစ်ပြီး အစိုးရကို အမြဲတစေစစ်ဆေးနေရန် ရည်ရွယ်သည့် အပြိုင်အဆိုင် ပါလီမန်စနစ်၏ အစိတ်အပိုင်း ဖြစ်သည်။

၁၀။ အောက်လွှတ်တော် အမတ် ၃၀၈ ဦးအား မဲဆန္ဒနယ်တစ်ခုချင်းစီတွင် မဲအများဆုံး လူကို ရွေးချယ်သည်။ အထွေထွေ ရွေးကောက်ပွဲကို ဘုရင်ခံချုပ်မှ ကျင်းပရန် ကြေငြာပြီး ယခင် ရွေးကောက်ပွဲမှ ၄ နှစ် အတွင်း ဝန်ကြီးချုပ်၏ အကြံပေးချက်ကို ရယူ၍ သော်လည်းကောင်း၊ အောက်လွှတ်တော်တွင် အစိုးရအား အယုံအကြည်မရှိမဲပေးခြင်း ခံရလျှင်သော်လည်းကောင်း ရွေးကောက်ပွဲကို ကျင်းပသည်။ ဆီးနိတ်လွှတ်တော်၏ အမတ် ၁၀၅ ဦးကို ဒေသအလိုက် ခွဲတမ်းကျခန့်အပ်ပြီး အသက် ၇၅ နှစ် အထိ တာဝန်ထမ်းဆောင်ကြသည်။ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅ ခုမှ ကိုယ်စားလှယ်များကို ဖက်ဒရယ်ပါလီမန်သို့ ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ၎င်းတို့မှာ အာဏာရ ပါတီဖြစ်သော ကွန်ဆာဗေးတစ် ပါတီ၊ တရားဝင် အတိုက်အခံပါတီ ဖြစ်သော နယူးဒီမိုကရက်တစ်ပါတီ၊ ကနေဒါလစ်ဘရယ်ပါတီ၊ ကီဗက်ကွာအဖွဲ့နှင့် ကနေဒါဂရင်းပါတီတို့ ဖြစ်ကြသည်။ ပါလီမန်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသော သမိုင်းရှိသည့် ပါတီများ အများအပြားပင်ရှိသည်။

၁၁။ ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်သည် အစိုးရ၏တာဝန်ကို ဖက်ဒရယ်အစိုးရနှင့် ပြည်နယ် ၁၀ ခု တို့အကြား ခွဲဝေထားသည်။ ပြည်နယ်ဥပဒေပြုလွှတ်တော်မှာ လွှတ်တော် တစ်ရပ်စီသာ ရှိပြီး အောက်လွှတ်တော်နှင့် လုပ်ကိုင်ပုံခြင်း တူညီသည်။ ကနေဒါ၏ ဒေသ ၃ ခုတွင်လည်း ဥပဒေပြု လွှတ်တော်များ ရှိသော်လည်း ၎င်းတို့တွင် အချုပ်အခြာ အာဏာ မရှိဘဲ ပြည်နယ်များနှင့် ယှဉ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသော တာဝန် နည်းပါးသည်။ ဒေသဆိုင်ရာလွှတ်တော်များမှာလည်း ပြည်နယ်လွှတ်တော်များနှင့် ပုံစံချင်းကွဲပြားသည်။

၁၂။ ကနေဒါဘဏ်သည် ကနေဒါနိုင်ငံ၏ဗဟိုဘဏ် ဖြစ်သည်။ ထို့ပြင် ဘဏ္ဍာရေး ဝန်ကြီးနှင့် စက်မှုဝန်ကြီးတို့မှ ကနေဒါ ကိန်းဂဏန်းအချက်အလက်ဆိုင်ရာအေဂျင်စီကို အသုံးပြု၍ ဘဏ္ဍာရေးအစီအမံများ ဆောင်ရွက်ခြင်းနှင့် စီးပွားရေးပေါ်လစီများ ရေးဆွဲခြင်းတို့ကို ပြုလုပ်ကြသည်။

## နိုင်ငံတကာ ဆက်ဆံရေးနှင့် စစ်ရေး

၁၃။ ကနေဒါရှိ ကြေးစားနှင့် အပျော်တမ်း တပ်ဖွဲ့များ၏ အင်အားမှာ အမြဲတမ်း စစ်သား ၆၈,၂၅၀ ဦး နှင့် အရန်စစ်သား ၅၁,၀၀၀ ဦးမျှ ရှိသည်။ စုစည်းထားသော ကနေဒါ တပ်မတော်တွင် ကနေဒါကြည်းတပ်၊ တော်ဝင်ကနေဒါရေတပ် နှင့် တော်ဝင် ကနေဒါလေတပ်တို့ ပါဝင်သည်။ ၂၀၁၃ ခုနှစ်တွင် ကနေဒါနိုင်ငံ၏ စစ်သုံးစရိတ်မှာ ကနေဒါ ဒေါ်လာ ၁၉ ဘီလီယံ သို့ မဟုတ် နိုင်ငံဂျီဒီပီ၏ ၁ ရာခိုင်နှုန်းမျှ ရှိသည်။

၁၄။ ကနေဒါနိုင်ငံ နှင့် အမေရိကန်ပြည်ထောင်စုတို့ကြားတွင် အရှည်လျားဆုံး အစောင့် အကြပ်မရှိသောနယ်စပ်ရှိပြီး စစ်ရေး တိုက်ခိုက်မှုနှင့် လေ့ကျင့်မှုများတွင် ပူးပေါင်းလေ့ ရှိပြီး တစ်ဦးနှင့် တစ်ဦး အကြီးမားဆုံးသော ကုန်သွယ်ဖက်များ ဖြစ်ကြသည်။ သို့သော် လည်း ကနေဒါတွင် လွတ်လပ်သော နိုင်ငံခြားရေး မူဝါဒရှိပြီး ကျူးဘားနိုင်ငံနှင့် ၁၉၆၁ မှ ၂၀၁၄ အထိ ဆက်ဆံရေးအပြည့်အဝရှိကာ ၂၀၀၃ ခုနှစ် အီရတ်သို့ ကျူးကျော်ဝင်ရောက် ခြင်းတွင် ပါဝင်ရန် တရားဝင်ငြင်းဆိုခဲ့သည်။ ထို့ပြင် ကနေဒါသည် ယူနိုက်တက် ကင်းဒမ်း နှင့် ပြင်သစ်နိုင်ငံတို့နှင့် သမိုင်းကြောင်းကို အခြေခံသော ဆက်နွယ်မှု ရှိပြီး အခြားသော ဗြိတိသျှနှင့် ပြင်သစ်ကိုလိုနီများနှင့်ဖွဲ့စည်းထားသော ဓနသဟာယ နိုင်ငံများ အဖွဲ့နှင့် ဖရန်ကိုဖိုနီအဖွဲ့တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ကနေဒါသည် နယ်သာလန် နိုင်ငံနှင့် အပေါင်းလက္ခဏာဆန်သော ဆက်ဆံရေးရှိပြီး ဒုတိယကမ္ဘာစစ်အတွင်း ဒတ်ချ်တို့၏ လွတ်မြောက်မှုအတွက် ကူညီပံ့ပိုးပေးခဲ့သည့် အကြောင်းကလည်း ထိုဆက်ဆံရေး၏ တစိတ်တပိုင်း ဖြစ်သည်။

၁၅။ ကနေဒါသည် ဗြိတိသျှအင်ပါယာနှင့် ဓနသဟာယနိုင်ငံများနှင့် ခိုင်မြဲစွာတွဲဖက် နေမှုများကြောင့် ဗြိတိသျှ စစ်တပ်၏ စစ်ရေးတိုက်ပွဲများ ဖြစ်သော ဒုတိယ ဘိုအာစစ်ပွဲ၊ ပထမကမ္ဘာစစ် နှင့် ဒုတိယကမ္ဘာစစ်တို့တွင် အဓိက နေရာမှ ပါဝင်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံတကာနှင့် ပူးပေါင်း၍ ပြဿနာဖြေရှင်းမှုများတွင် ထောက်ခံအားပေးသူ ဖြစ်ခဲ့ပြီး ကမ္ဘာ့ရေးရာ ပြဿနာများကို အခြားနိုင်ငံများနှင့် ပူးပေါင်း ဖြေရှင်းခဲ့သည်။ ကနေဒါသည် ၁၉၄၅ တွင် ကမ္ဘာ့ကုလသမ္မဂ္ဂ နှင့် ၁၉၄၉ တွင် နေတိုးအဖွဲ့ တို့ကို စတင်တည်ထောင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ စစ်အေးတိုက်ပွဲကာလအတွင်းတွင် ကနေဒါသည် ကိုရီးယားစစ်ပွဲအတွင်း ကုလသမ္မဂ္ဂတပ်ဖွဲ့များသို့ အဓိကပံ့ပိုးသူတစ်ဦးဖြစ်ခဲ့ပြီး

အမေရိကန်ပြည်ထောင်စုနှင့်ပူးပေါင်း၍ ဆိုဗီယက်ယူနီယံမှ ပြုလုပ်လာနိုင်သော တိုက်ခိုက်မှုများကကို ကာကွယ်ရန်အတွက် မြောက်အမေရိကလေကြောင်းကာကွယ်ရေး အဖွဲ့ (NORAD) ကို ပူးပေါင်း တည်ထောင်ခဲ့သည်။

၁၆။ ၁၉၅၆ ခုနှစ် ဆူးအက်တူးမြောင်း ပြဿနာတွင် နောင်ဝန်ကြီးချုပ် ဖြစ်လာမည့် လက်စတာဘီပီယာဆန်က ကုလသမ္မဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို စတင်ဖွဲ့စည်းရန် အကြံပေးခြင်းအားဖြင့် တင်းမာမှုများကို လျော့ကျစေပြီး ထိုသို့ အားထုတ်မှုအတွက် သူ့အား ၁၉၅၇ ခုနှစ် ငြိမ်းချမ်းရေး နိုဗယ်ဆုကို ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။ .ထိုအချိန်မှာ ကုလသမ္မဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များ၏ ပထမဆုံး လုပ်ငန်းစဉ်ဖြစ်သဖြင့် ပီယာဆန်သည် ထိုအကြံကို အစပြုသူအဖြစ် အမြဲအသိအမှတ်ပြုခံရလေ့ရှိသည်။ ထိုအချိန်မှစ၍ ကနေဒါနိုင်ငံသည် ကုလသမ္မဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့များ၏ လုပ်ငန်းစဉ် များတွင် အကြိမ် ၅၀ ကျော် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၉ ခုနှစ်အထိ ကုလသမ္မဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့များ၏ လုပ်ငန်းစဉ် အားလုံးတွင် ပါဝင်ခဲ့ကာ နောက်ပိုင်းတွင် ရဝမ်ဒါ နိုင်ငံ၊ ယခင် ယူဂိုဆလားဗီးယားနိုင်ငံ နှင့် အခြားနေရာများရှိ နိုင်ငံတကာ အဖွဲ့များ၏ လုပ်ငန်းစဉ်များ တွင် ပါဝင်ခဲ့သည်။ တခါတရံတွင် ကနေဒါနိုင်ငံသည် နိုင်ငံခြားတိုင်းပြည်များတွင် ပါဝင်ပတ်သတ်မှုများကြောင့် အငြင်းပွားစရာ ပြဿနာများ ကြုံရလေ့ရှိပြီး အထူးသဖြင့် ၁၉၉၃ ခုနှစ် ဆိုမာလီနိုင်ငံ အရေးအခင်းတွင် ပါဝင် ပတ်သက်မှု တွင် ဖြစ်သည်။

၁၇။ ကနေဒါနိုင်ငံသည် ၁၉၉၀ ခုနှစ်တွင် အမေရိကန်နိုင်ငံများ အဖွဲ့ (OAS) သို့ ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ခုနှစ် ဇွန်လတွင် အွန်တေရီအိုဒေသ ဝင်ဆာမြို့၌ အထွေထွေ ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကာ ၂၀၀၁ ခုနှစ် ဧပြီလ၌ ကွီးဗက်စီးတီးတွင် အမေရိကန်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးကို အိမ်ရှင် အဖြစ် လက်ခံကျင်းပ ခဲ့သည်။ ကနေဒါသည် ပစိဖိတ်ကမ်းခြေ နိုင်ငံများနှင့် စီးပွားရေး ဆိုင်ရာ ဆက်ဆံရေး တိုးမြှင့်ရန် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ ဖိုရမ် (APEC) သို့ အဖွဲ့ဝင် အဖြစ် ဝင်ရောက်ခဲ့သည်။

၁၈။ ၂၀၀၁ ခုနှစ်တွင် ကနေဒါသည် အာဖဂန်နစ္စတန် နိုင်ငံသို့ အမေရိကန် ထိန်းကွပ်ရေး တပ်ဖွဲ့များ၏ အစိတ်အပိုင်း အဖြစ်လည်းကောင်း၊ ကုလသမ္မဂ္ဂမှ တရားဝင် ခွင့်ပြုထားသော နေတိုးမှ ဦးဆောင်သည့် နိုင်ငံတကာ လုံခြုံရေး ပံ့ပိုးမှု တပ်ဖွဲ့၏ အစိတ်အပိုင်း အဖြစ် လည်းကောင်း တပ်များ ပို့လွှတ်ခဲ့သည်။ ၁၀ နှစ်တာ စစ်ဆင်ရေး

ကာလအတွင်း ကနေဒါမှ စုစုပေါင်း စစ်သား ၁၅၈ ဦး၊ သံတမန် တစ်ဦး၊ ကူညီကယ်ဆယ်ရေး သမား ၂ ဦး နှင့် သတင်းထောက် တစ်ဦးတို့ ဆုံးရှုံးခဲ့ပြီး ကနေဒါ ဒေါ်လာ ၁၁.၃ ဘီလီယံ မျှ ကုန်ကျခဲ့သည်။

၁၉။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကနေဒါ၊ အီတလီ၊ ယူနိုက်တက်ကင်းဒမ်း၊ နော်ဝေ နှင့် ရုရှားနိုင်ငံတို့မှ ဒေါ်လာ ၁.၅ ဘီလီယံ ကုန်ကျမည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေးများ ဖော်ထုတ်ရန် ပရော့ဂျက်၌ ပူးပေါင်း ပံ့ပိုးမည်ဟု ကြေငြာခဲ့ကြပြီး အခြားနိုင်ငံများကိုလည်း ၎င်းတို့နှင့် အတူ ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ရုရှားတို့၏ မြောက်ဝင်ရိုးစွန်း ဒေသအတွင်း ရေအောက် စူးစမ်း ရှာဖွေမှုက အာတိတ်ဒေသအတွင်း ကနေဒါ၏ နယ်နိမိတ် သတ်မှတ်ထားမှုကို စိန်ခေါ်ခဲ့သည်။ ကနေဒါသည် ထိုဒေသအား ၎င်းတို့၏ အချုပ်အခြာအာဏာပိုင်ဒေသ အဖြစ် ၁၉၂၅ ခုနှစ်ကတည်းက သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။၂၀၁၁ ခုနှစ် မတ်လမှ အောက်တိုဘာလ အတွင်းတွင် ကနေဒါတပ်ဖွဲ့များသည် ကုလသမ္မဂ္ဂမှ လုပ်ပိုင်ခွင့် ပေးအပ်ချက်အရ လစ်ဗျားပြည်တွင်းစစ်အတွင်း ပါဝင်ခဲ့သည်။ ၂၀၁၄ ခုနှစ် နှောင်းပိုင်း တွင် ကနေဒါ မြေပြင်နှင့် ဝေဟင်တပ်တို့သည်အီရတ်နိုင်ငံ အတွင်း အိုင်အက်စ်အဖွဲ့၏ ထကြွမှုကို နှိမ်နင်းရာတွင် နိုင်ငံတကာ အဖွဲ့များနှင့် အတူ ပါဝင်ခဲ့သည်။

## စီးပွားရေး

၂၀။ ၂၀၁၅ ခုနှစ်တွင် ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် ၁၁ ခုမြောက် အကြီးဆုံးသော စီးပွားရေး ရှိသည့်နိုင်ငံ ဖြစ်ပြီး အမည်ခံ စုစုပေါင်း ပြည်တွင်းထုတ်ကုန် မှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁.၇၉ ထရီလီယံမျှ ရှိသည်။ နိုင်ငံတကာ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး နှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပြီး နိုင်ငံရှစ်နိုင်ငံ အဖွဲ့ (ဂျီအိတ်) ၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကုန်သွယ်မှု အမြင့်မားဆုံး နိုင်ငံ ၁၀ နိုင်ငံတွင် ပါဝင်ပြီး တကမ္ဘာလုံးနှင့် မြင့်မားစွာ ဆက်စပ်နေသော စီးပွားရေး ရှိသည့်နိုင်ငံ ဖြစ်သည်။ ကနေဒါနိုင်ငံသည် ရောပြွမ်းစီးပွားရေး ရှိသောနိုင်ငံ တစ်နိုင်ငံ ဖြစ်ပြီး ဟယ်ရီတေ့ချ် ဖောင်ဒေးရှင်း၏ ကမ္ဘာပေါ်တွင် စီးပွားရေး လုပ်ရန် လွတ်လပ်မှု အရှိဆုံးနိုင်ငံများတွင် အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများ၏ အထက်တွင် ရှိသည်။ ဝင်ငွေကွာဟမှုလည်း အလွန်နည်းသည်။ နိုင်ငံရှိ သာမန်

အိမ်ထောင်စုများ၏ တစ်ဦးချင် သုံးစွဲနိုင်သောဝင်ငွေ၏ ပျမ်းမျှခြင်းမှာ အမေရိကန် ဒေါ်လာ ၂၃,၉၀၀ ရှိသဖြင့် အိုအီးစီဒီ နိုင်ငံများ၏ ပျမ်းမျှထက် မြင့်မားသည်။ ထို့ပြင် တိုရွန်တိုစတော့အိတ်ချိန်းသည် ကမ္ဘာပေါ်တွင် စျေးကွက်အရင်းပြုခြင်းအားဖြင့် သတ္တမမြောက် အကြီးဆုံး စတော့အိတ်ချိန်းဖြစ်ပြီး စုစုပေါင်း ကုမ္ပဏီ ၁,၅၀၀ ကျော်၏ စတော့ခ်များ ရောင်းဝယ်ဖောက်ကားမှု ပြုနေကြကာ ၂၀၁၅ ခုနှစ်တွင် စုပေါင်း အရင်းအနှီးမှာ အမေရိကန် ဒေါ်လာ ၂ ထရီလီယံ ကျော်မျှ ရှိသည်။

၂၁။ ၂၀၁၄ ခုနှစ်တွင် ကနေဒါနိုင်ငံ၏ စုစုပေါင်း ပြည်ပပို့ကုန်မှာ ကနေဒါ ဒေါ်လာ ၅၂၈ ဘီလီယံမျှ ဖြစ်ပြီး သွင်းကုန်များမှာ ၅၂၃ ဘီလီယံမျှ ရှိကာ အမေရိကန် ပြည်ထောင်စုမှ ၃၄၉ ဘီလီယံ၊ ဥရောပ သမ္မဂ္ဂမှ ၄၉ ဘီလီယံ နှင့် တရုတ်နိုင်ငံမှ ၃၅ ဘီလီယံတို့ အသီးသီး ဖြစ်ကြသည်။ နိုင်ငံ၏ ၂၀၁၄ ခုနှစ် သွင်းကုန်ထုတ်ကုန် ခြားနားချက်မှာ ၅.၁ ဘီလီယံ အပိုဖြစ်ပြီး ၂၀၀၈ ခုနှစ်က ၄၆.၉ ဘီလီယံ အပိုမျှ ရရှိခဲ့သည်။

၂၂။ ၂၀ ရာစု အစောပိုင်းမှ စ၍ ကနေဒါ၏ ကုန်ထုတ်လုပ်ငန်း၊ သတ္တုလုပ်ငန်း နှင့် ဝန်ဆောင်မှု လုပ်ငန်း တို့၏ ဖွံ့ဖြိုးတိုးတက်မှု များကြောင့် နိုင်ငံအား ကျေးလက်အခြေခံ စီးပွားရေးစနစ်မှ မြို့ပြအခြေခံကုန်ထုတ်လုပ်ရာ စီးပွားရေးစနစ်အဖြစ် ပြောင်းလဲ စေခဲ့သည်။ အခြားသော ဖွံ့ဖြိုးပြီး နိုင်ငံများ နည်းတူပင် ကနေဒါနိုင်ငံ၏ စီးပွားရေးတွင် ဝန်ဆောင်မှု လုပ်ငန်းသည် အဓိက ဖြစ်ပြီး နိုင်ငံအတွင်း အလုပ်သမား ၄ ပုံ ၃ ပုံသည် ဝန်ဆောင်မှု လုပ်ငန်းကို လုပ်ကိုင်လျှက် ရှိသည်။ သို့သော်လည်း အခြားသော ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ကနေဒါတို့၏ ကွဲပြားခြားနားချက်မှာ ကနေဒါနိုင်ငံ၏ အခြေခံစီးပွားရေး လုပ်ငန်းတွင် သစ်ထုတ်လုပ်ငန်းနှင့် ရေနံလုပ်ငန်းတို့သည် ထင်ရှားသော အစိတ်အပိုင်း အဖြစ် ပါဝင်နေခြင်းပင် ဖြစ်သည်။

၂၃။ ကနေဒါသည် ဖွံ့ဖြိုးပြီးနိုင်ငံများ ထဲမှ စွမ်းအင်ကို တင်ပို့ရောင်းချမှု တင်သွင်းမှုထက်များသော နိုင်ငံ အနည်းငယ်တွင် ပါဝင်သည်။ အတ္တလန္တိတ် ကနေဒါ အပိုင်းတွင် ကမ်းလွန် သဘာဝဓာတ်ငွေ့ မြောက်များစွာ ရှိပြီး အယ်လ်ဘာတာတွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ် အမြောက်အများ ရှိသည်။ အာသာဘာစကာ ရေနံမြေ၏ ကျယ်ပြန့်မှုနှင့် အခြား ရေနံထွက်ရှိရာ ဒေသများကြောင့် ကနေဒါနိုင်ငံသည် ကမ္ဘာတဝှမ်းလုံး၏ ၁၃ ရာခိုင်နှုန်းမျှသော ရေနံ ရှိရာ နေရာ ဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံနှင့် ဆော်ဒီအာရေဗျ နိုင်ငံတို့ ပြီးလျှင် တတိယမြောက် အများဆုံး ရေနံထွက်ရှိရာ ဒေသဖြစ်သည်။ ထို့ပြင် ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်

အများဆုံး ထုတ်လုပ်ရာ နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ကနေဒါ ပရေရီမြက်ခင်းပြင် ဒေသသည် ကမ္ဘာတဝှမ်းလုံး အတွက် အရေးပါသော ဂျုံ၊ ကနိုလာ နှင့် အခြားနှံထွက် ပစ္စည်းများကို ထုတ်လုပ်ရာ ဒေသတစ်ခုဖြစ်သည်။ ကနေဒါနိုင်ငံ၏ သဘာဝအရင်းအမြစ် ဝန်ကြီးဌာနမှ အဓိက ပို့ကုန်များနှင့် ပတ်သက်သော စာရင်းဇယားကို ဖော်ပြရာတွင် ကနေဒါသည် ဇင့်၊ ယူရေနီယမ်၊ ရွှေ၊ နစ်ကယ်၊ အလူမီနီယမ်၊ စတီးလ်၊ သံရိုင်း၊ ကုတ် မီးသွေး နှင့် ခဲ တို့ကို တင်ပို့ရာတွင် ထိပ်တန်းမှ ပါဝင်သည်။ ကနေဒါမြောက်ပိုင်းရှိ စိုက်ပျိုးမွေးမြူရေးပြုလုပ်ရန် ခဲယဉ်းသောဒေသများတွင် အနီးအနားတွင် သတ္တုတွင်း များနှင့် သစ်ထုတ်လုပ်ရာ နေရာများရှိသောကြောင့် အသက်ရှင်ရပ်တည်ရန် ဖြစ်နိုင်သည်။ ကနေဒါနိုင်ငံ အွန်တေရီယို တောင်ပိုင်းနှင့် ကွီးဗက်တို့တွင် အတော်အတန် ကြီးမားသော ကုန်ထုတ်လုပ်ရေးလုပ်ငန်းရှိပြီး လေကြောင်းပို့ဆောင်ရေးဆိုင်ရာနှင့် မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းများမှာ အရေးပါသော ကုန်ထုတ်လုပ်ရေးကဏ္ဍများဖြစ်သည်။

## လူဦးရေနှင့်နေထိုင်မှု

၂၄။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ ကနေဒါနိုင်ငံတွင် လူဦးရေ ၃၃,၄၇၆,၆၈၈ ဦးမျှ ရှိပြီး ၂၀၀၆ ခုနှစ် စာရင်းမှ ၅.၉ ရာခိုင်နှုန်းခန့်မျှ မြင့်တက်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကနေဒါ စာရင်းဇယား ဌာနမှ လူဦးရေ ၃၅ သန်းကျော် ရှိသည်ဟု အစီရင်ခံခဲ့ပြီး ဂျီအိတ်နိုင်ငံများတွင် သိသာစွာ အလျှင်အမြန် တိုးပွားလာသည့် နှုန်းပင် ဖြစ်သည်။ ၁၉၉၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကြားတွင် လူဦးရေ ၅.၆ သန်းမျှ တိုးတက်လာခဲ့ပြီး စုစုပေါင်း ၂၀.၄ ရာနှုန်းမျှ တိုးတက်လာခြင်း ဖြစ်သည်။ လူဦးရေ တိုးပွားရခြင်း၏ အဓိက အကြောင်းမှာ ပြောင်းရွှေ့နေထိုင်သူ များပြားလာခြင်းကြောင့် ဖြစ်ပြီး သဘာဝ အလျောက် တိုးပွားလာမှုမှာ နည်းပါးသည်။

၂၅။ လူဦးရေ ၏ ၅ပုံ ၄ပုံခန့်မှာ အမေရိကန်ပြည်ထောင်စု နယ်စပ်မှ ၉၃ မိုင် (၁၅၀ ကီလိုမီတာ) အတွင်း နေထိုင်ကြသည်။ခန့်မှန်းခြေအားဖြင့် ၈၀ ရာခိုင်နှုန်းသော ကနေဒါနိုင်ငံသားတို့သည် မြို့ပြတွင် နေထိုင်ကြပြီး ကွီးဗက်စီးတီး-ဝင်ဆာစကြ်န်ဒေသ၊ ဗြိတိသျှ ကိုလံဘီယာ၏ အနိမ့်ပိုင်း ပင်မကုန်းမြေ ဒေသ နှင့် အယ်လဗားတားရှိ ကယ်လ်ဂရီ-အက်ဒမန်တန် စကြ်န်ဒေသ တို့တွင် စုဝေးနေထိုင်ကြသည်။ ကနေဒါနိုင်ငံသည် မြောက်လတ္တီကျူ ၈၃ ဒီဂရီ မှ ၄၁ ဒီဂရီ အကြားတွင် တည်ရှိပြီး ၉၅

ရာခိုင်နှုန်းသော လူဦးရေမှာ မြောက်လတ္တီကျူ ၅၅ ဒီဂရီ၏ အောက်ပိုင်းတွင် နေထိုင်ကြသည်။ အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ပင် ကနေဒါတွင် အသက်ကြီးသော လူဦးရေ ပိုများလာပြီး အငြိမ်းစားများက အလုပ်လုပ်ကိုင်သူ ဦးရေထက် ပို၍ များပြားသည်။ ၂၀၀၆ ခုနှစ်တွင် ပျမ်းမျှ အသက်မှာ ၃၉.၅ နှစ် ဖြစ်သော်လည်း၂၀၁၁ ခုနှစ်တွင် ၃၉.၉ နှစ်သို့ မြင့်တက်လာသည်။ ၂၀၁၃ ခုနှစ်တွင် လူတစ်ဦးချင်း၏ ပျမ်းမျှ သက်တမ်းမှာ ၈၁ နှစ်ဖြစ်သည်။

## မြန်မာနှင့်ကနေဒါနှစ်နိုင်ငံဆက်ဆံရေး

၂၆။ မြန်မာ-ကနေဒါဆက်ဆံရေးသည် ကနေဒါကုမ္ပဏီဖြစ်သည့် Manulifeသည် မြန်မာနိုင်ငံသို့ ပထမဆုံးအခြေချခဲ့သည့် ၂၀ရာစုအစောပိုင်းမှ စတင်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် ဇန်နဝါရီလမှ ၁၉၄၅ ခုနှစ် ဇူလိုင်လအထိ မြောက်များစွာသော ကနေဒါနိုင်ငံသား လေယာဉ်မှူးများသည် မြန်မာဘက်မှနေ၍ ဂျပန်ကိုတိုက်ခိုက်ပေးခဲ့သည်။ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းမှ စ၍ နှစ်နိုင်ငံကြားတရားဝင်ဆက်ဆံရေး တည်ဆောက်ခဲ့ပြီး ၁၉၆၂ခုနှစ် တပ်မတော်မှအာဏာသိမ်းပြီး ဆယ်စုနှစ်များစွာ အုပ်ချုပ်ခဲ့သည့်ကာလများတွင် ဆက်ဆံရေးပိုမိုတင်းမာလာခဲ့သည်။ သို့သော် ကနေဒါနိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ် ဆိုင်ကလုန်းနာဂစ်တိုက်ခတ်ခံရပြီးနောက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း များနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ထောက်ပံ့ရာတွင် ပါဝင်ခဲ့ ပါသည်။

၂၇။ ၂၀၁၀ခုနှစ်မှစတင်ကာ ၂၀၁၁ခုနှစ်တွင် ဦးသိန်းစိန်အား သမ္မတအဖြစ် ရွေးကောက်ပြီးနောက် ဖြစ်ပေါ်လာသောအပြောင်းအလဲများကို အသိအမှတ်ပြုသော အနေဖြင့် ၂၀၁၂ခုနှစ်၊ ဧပြီလ ၂၄ရက်နေ့တွင် ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို လျှော့ချပေးခဲ့သည်။ ၂၀၁၂ခုနှစ် ဇူလိုင်လတွင် ကနေဒါမှ မြန်မာနိုင်ငံသံရုံးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးရာဝန်ကြီးမှ

ကြေညာခဲ့သည်။ ကနေဒါနိုင်ငံ၏ပထမဆုံး မြန်မာနိုင်ငံ အခြေစိုက်သံအမတ်ကြီးကို ၂၀၁၃ခုနှစ်၊ မတ်လတွင် ခန့်အပ်ခဲ့သည်။

၂၈။ မြန်မာနိုင်ငံသည် ၂၀၁၀ခုနှစ်မှစတင်ပွင့်လင်းလာပြီး ကနေဒါနိုင်ငံသည် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လူ့အခွင့်အရေးနှင့် အုပ်ချုပ်မှုသင်တန်းများ၊ လူသားချင်းစာနာထောက်ထားမှုကူညီပံ့ပိုးမှုများအပေါ်အဓိကထား၍ မြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကနေဒါအစိုးရ၏ နိုင်ငံတကာပူး ပေါင်းဆောင်ရွက်မှုအတွက် မြန်မာနိုင်ငံကို အဓိကထားခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျားမတန်းတူအခွင့်အရေးရရှိရေးနှင့် မြန်မာနိုင်ငံရှိ ဒီမိုကရေစီကျကျအုပ်ချုပ်မှုများနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးလျက်ရှိသည်။